# ကာကွယ်ရေးဝန်ကြီးဌာန

## စစ်ရေးသတင်းအကျဉ်းချုပ်

Date – 8/3/2022

## စစ်ကောင်စီနှင့်တိုက်ပွဲဖြစ်ပွားမှု

### ကချင်ပြည်နယ်

မတ်(၈)ရက်နေ့မနက်(၃)နာရီခန့်က မိုးညှင်းမြို့နယ်၊ မိုးညှင်းမြို့ရှိ တက္ကသိုလ်ဝန်းအတွင်း တပ်စွဲထားသည့် စကစတပ်သားများကို နန်းမားPDFမှ သွားရောက်တိုက်ခိုက်ခဲ့ရာ ဗိုလ်အဆင့်ရှိသူ အပါဝင် စကစတပ်သား (၁၂)ဦးသေဆုံးခဲ့ကြောင်း သိရသည်။

### ကရင်နီ(ကယား)ပြည်နယ်

မတ်(၇)ရက်နေ့က ဒီးမော့ဆိုမြို့နယ်၊ ငွေတောင်ကျေးရွာအုပ်စု၊ အောင်ချမ်းသာကျေးရွာ၊ ကျောက်ဆည်ကန်နှင့်သေးဆူလဲကျေးရွာများသို့ အင်အားအလုံးအရင်းဖြင့် ထိုးစစ်ဆင်လာခဲ့သော စကစတပ်ဖွဲ့ကို ပြည်သူ့ကာကွယ်ရေးတပ်-ဒီးမော့ဆို (DMO-Local PDF)၊ လွိုင်ကော်(PDF)၊ ဖယ်ခုံ(PDF)၊ မိုးဗြဲ(PDF) ၊ CTU နည်းပညာလက်ရုံးတပ်၊ အလယ်ပိုင်းတိုင်းအထူးစစ်ဆင်ရေးတပ်၊ KNDF၊ KA၊ KGZ၊ GZ-21နှင့် အခြားတော်လှန်ရေးတပ်ဖွဲ့များပူးပေါင်းပြီး တိုက်ခိုက်ခဲ့ရာ စကစတပ်သားအများအပြားသေဆုံးခဲ့ပြီး ပြည်သူ့ကာကွယ်ရေးတပ်သား တချို့ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

### ချင်းပြည်နယ်

မတ်(၇)ရက်နေ့က ကန်ပက်လက်မြို့နယ်၊ ရလောင်းပန်းကျေးရွာအနီးတွင် ကြံတောဘက်မှ ထွက်လာသော စကစတပ်သားများနှင့် CDF-Kanpetletတို့ ထိတွေ့တိုက်ပွဲ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

### စစ်ကိုင်းတိုင်း

- မတ်(၈)ရက်နေ့နေ့လယ်(၃)နာရီခန့်က ရွှေဘိုမြို့နယ်၊ မခေါက်ကျေးရွာမှ ထွက်လာသော စကစဆိုင်ကယ် (၃)စီးကို ပြည်သူ့ကာကွယ်ရေးအဖွဲ့(ရွှေဘို)နှင့် GHOSTRIDER Special တို့ ပူးပေါင်းပြီး အဝေးထိန်းမိုင်းဖြင့် တိုက်ခိုက်ခဲ့ရာ စကစတပ်သား (၃)ဦး သေဆုံးခဲ့သည်။
- မတ်(၈)ရက်နေ့မနက်(၉)နာရီခန့်က ယင်းမာပင်မြို့နယ်၊ ကံသာ-လက်ပန်တောကျေးရွာအနီးတွင် စကစတပ်သားများနှင့်ဒေသခံကာကွယ်ရေးတပ်ဖွဲ့တို့ ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ရာ စကစတပ်သားများမှ လက်နက်ကြီးများဖြင့် ပစ်ခတ်မှုကြောင့် စစ်ဘေးရှောင်(၁၃)ဦးထိခိုက်ခဲ့ပြီး (၄)ဦးသေဆုံးခဲ့သည်။
- မတ်(၈)ရက်နေ့မနက်(၁၁:၁၅)နာရီခန့်က ခင်ဦးမြို့နယ်၊ သက်ပေးကျေးရွာသို့ စကစတပ်သားများလာရောက်စဉ် ဒေသကာကွယ်ရေးအဖွဲ့က မိုင်းဆွဲတိုက်ခိုက်ခဲ့သည်။
- မတ်(၇)ရက်နေ့နေ့လယ်(၂:၂၉)နာရီခန့်က ခင်ဦးမြို့နယ်၊ မုန်သာကျေးရွာအနီးတွင် စကစတပ်သားများကို ဒေသခံကာကွယ်ရေးအဖွဲ့မှ ရှေ့ထွက်မိုင်း (၃)လုံးဖြင့် မိုင်းဆွဲတိုက်ခိုက်ခဲ့ရာ စကစတပ်သား (၆)ဦး ထိခိုက်ခဲ့သည်။

*မြေပြင်သတင်းတာဝန်ခံများနှင့် သတင်းဌာနများမှ ဖော်ပြလာသော အချက်အလက်များအပေါ် အခြေခံပြုစုထားသည်။*

## ရန်ကုန်တိုင်း

မတ်(၇)ရက်နေ့ည(၇)နာရီခန့်က ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၃၆)ရပ်ကွက်၊ ဗိုလ်ဆွန်ပတ်လမ်းနှင့် မန်းဘခိုင်လမ်းထောင့်ရှိ မြို့မရဲသင်တန်းကျောင်းကို People's Force နှင့် Spring Brother Force တို့ ပူးပေါင်းပြီး လက်ပစ်ဗုံး၊(၄၀)မမများဖြင့်တိုက်ခိုက်ရာ စကစတပ်သားများ ထိခိုက်သေဆုံးမှုများနိုင်ကြောင်း သိရသည်။

## စစ်ကောင်စီကျူးလွန်သော ရာဇဝတ်မှုများ

## ကရင်နီ(ကယား)ပြည်နယ်

- မတ်(၈)ရက်နေ့နေ့လယ်(၁၂:၃၀)နာရီခန့်က လွိုင်ကော်မြို့နယ်၊လွယ်ထွဲကျေးရွာ၊ကလေးကစားကွင်း အပင်ကြီးတည့်တည့်သို့ စကစ၏လက်နက်ကြီး ကျရောက်ပေါက်ကွဲခဲ့ရာ ကလေး(၃)ဦး သေဆုံးပြီး (၂)ဦး ပြင်းထန်စွာဒဏ်ရာရရှိကြောင်း သိရသည်။
- မတ်(၈)ရက်နေ့နေ့လယ်(၁)နာရီခန့်က ဒီးမော့ဆိုမြို့နယ်၊ဒေါင်ခါးကျေးရွာသို့ စကစမှလေယာဉ်ဖြင့် ဗုံးကျဲတိုက်ခိုက်ခဲ့ခြင်းကြောင့် ဓမ္မာရုံဘေးရှိ အလယ်တန်းကျောင်းခွဲ၏ ကျောင်းဆောင်နှစ်ဆောင်နှင့် မုဒ်ဦးများ ပျက်စီးသွားခဲ့သည်။
- မတ်(၈)ရက်နေ့မနက်(၂)နာရီခန့်က ဒီးမော့ဆိုမြို့နယ်၊ ဆောင်ဒူလာကျေးရွာအနီး တစ်ဝိုက်ကို စကစ ဘက်မှ လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့ရာ ဘုရားကျောင်းပတ်ဝန်းကျင်မှ ဘုန်းကြီးအိမ်၊ ဓမ္မာရုံနှင့် လူနေအိမ်အချို့ ပျက်စီးသွားခဲ့ပြီး မကွဲသေးသည့် ဗုံးတစ်လုံးလည်းတွေ့ရှိကြောင်း သိရသည်။
- မတ်(၈)ရက်နေ့မနက်(၇:၃၀)နာရီခန့်က ဒီးမော့ဆိုမြို့နယ်၊ သေးဆူလဲကျေးရွာနှင့်ပူဖားကျေးရွာ များကို စကစမှ ဂျက်လေယာဉ်(၃)စင်းနှင့်ဗုံးကြဲခဲ့ကြောင်း သိရသည်။

## စစ်ကိုင်းတိုင်း

- မတ်(၈)ရက်နေ့မနက်(၈)နာရီခန့်က ယင်းမာပင်မြို့နယ်၊ လက်ပန်းတောကျေးရွာ ဘုန်းတော်ကြီး ကျောင်းကို စကစတပ်သားအင်အား (၂၀၀)ခန့်မှ လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့ပြီး ကျေးရွာ အတွင်းသို့ ဝင်ရောက်ခဲ့ရာ စစ်ဘေးရှောင်ပြည်သူများဖြစ်သော ဒေါ်တင်ညွန့်၊ ဦးသန်းမောင်၊ ဒေါ်သန်းလှ၊ မြတ်ဘုန်းနိုင် (၅နှစ်သား)တို့ လက်နက်ကြီးထိမှန်သေဆုံးခဲ့သည်။
- မတ်(၈)ရက်နေ့နေ့လယ်(၁၂)နာရီခန့်က ရွှေဘိုမြို့နယ်၊ သက်ပေးကျေးရွာရှိ နေအိမ်များကို စကစ တပ်သားများမှ ဝင်ရောက်မီးရှို့ခဲ့သည်။

## ဧရာဝတီတိုင်း

မတ်(၈)ရက်နေ့က အင်္ဂပူမြို့နယ်၊ NLD တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ကိုဘိုဘိုဇင်နှင့် ကိုဝင်းနိုင် တို့၏နေအိမ်များ ချိတ်ပိတ်ခံခဲ့ရသည်။

*မြေပြင်သတင်းတာဝန်ခံများနှင့် သတင်းဌာနများမှ ဖော်ပြလာသော အချက်အလက်များအပေါ် အခြေခံပြုစုထားသည်။*